
ဂါ ဦး နွမ်း ကို
ထူးထူးဆန်းဆန်းအိပ်မက်
အပါအဝင်
ရသစုံလျှို့ဝှက်သည်းဖိုဝတ္ထုတိုများ

# အိပ်မက်လေလား…ဝိုးတဝါး ( I meet Magician )

"စာရေးဆရာမ- ဆောင်းဦးနှင်းပန်း" ဤဝတ္ထုတစ်ပုဒ်ကို စိတ်ရော ကိုယ်ပါ မြှုပ်နှံစတေးကာ ရေးသားနေသည် မှာ တစ်လခွဲ နှစ်လနီးပါးခန့် ရှိတော့မည်။ ဇာတ်အိမ်က အတန်ငယ် ထူးခြားသည် ။ တည်ဆောက်ပုံကလည်း သေသပ်လှပသည် ဟု ဆိုရပေလိမ့်မည်။ နောက်ပြီး ဇာတ်လမ်းကလည်း ဖြစ်ရပ်မှန် အကြောင်းအရာ တစ်ခုကို အခြေပြုပြီး ရေးဖွဲ့ထားသည့် ဇာတ်လမ်း။ ဤဇာတ်လမ်းမှ မဟုတ်။ ဆောင်းဦးနှင်းပန်း ရေးသားသမျှသော ဝတ္ထုဇာတ်လမ်း အများ စုမှာ ဖြစ်ရပ်မှန်ကို အခြေခံ၍ သီကုံးထားသည် သာချည်း။

ဆောင်းဦးနှင်းပန်း ဘယ်ဘက် လက်ကောက်ဝတ်ကို မြှောက်ကာ လက်ပတ်နာရီသို့ ကြည့်လိုက်တော့ ညဉ့်တစ်နာရီခွဲ။ ဤဇာတ်လမ်းကို စတင်ရေးသားစဉ်က ဆယ့်တစ်နာရီဖြစ်၍ ယခု ရေးသားနေသည့် အချိန်မှာ နှစ်နာရီခွဲခန့် ရှိပြီ။ ဇာတ်အလယ်ပိုင်းကို ရေးသားနေခြင်း ဖြစ်သည် ။ ဇာတ်လမ်းက ခုထိ ဇာတ်ရှိန်တက်၍ မရသေးသဖြင့် ဆောင်းဦးနှင်းပန်း သက်ပြင်း ငွေ့ငွေ့ချလိုက်၏။

- မင်းသားကို ရှင်ခိုင်းလိုက်ရ ကောင်းမလား ။

ဘယ်လို ဖန်တီးမှုမျိုးကို ပြုလုပ်ရင် ပိုကောင်းမလဲ ဟူသော ဒွိဟစိတ် ပေါ်ပေါက်လာလျှင် သူမ ပြုလုပ်တတ်သည့် ထုံးစံအတိုင်း နှုတ်မှ ထု

တ်ဖော်ကာ ရေရွတ် ပြောဆိုလိုက်သည် ။ ထိုသို့ ပြုလုပ်လိုက်သည့် တိုင် အဖြေမှန် တစ်စုံတစ်ရာက ဦးနှောက်ထဲ၌ ထွက်ပေါ်မလာသေး...။

- ဇာတ်လမ်းအစစ်မှာ အဲဒီလူက သေပြီးသားဆိုတော့ ...။ ဟူး...ဘယ်လို လုပ်ရမလဲ။

ဖြစ်ရပ်မှန် အတိုင်း တစ်သဝေမတိမ်း ရေးသားလျှင် ပရိသတ် မနှစ်ခြိုက်မည်ကို ဆောင်းဦးနှင်းပန်း စိုးရိမ်မိ၏။ ပရိသတ် အများ စုက မင်းသားနှင့် မင်းသမီး ဇာတ်ပေါင်းခန်းတွင် ညားသွားလေသတည်းကိုမှ ကြိုက်နှစ်သက် ကြသည် ကြောင့် ဇာတ်လမ်းကို အဖြစ်မှန် အတိုင်း ရေးသားရန် မဖြစ်သေးဟု ဆောင်းဦးနှင်းပန်း တွေးနေသည် ။ တွေးရင်းတွေးရင်းဖြင့် ခေါင်းရှုပ်လာ၍ စားပွဲခုံပေါ် မျက်နှာအပ်ကာ အတွေးသစ် တစ်ခုခု ပေါ်ပေါက်လာစေရန် ခေါင်းအေးအေးနှင့် စဉ်းစားနေမိ၏။

ဇာတ်လမ်းက ထူးခြားသော်လည်း တစ်ဖက်က ကြည့်လျှင်လည်း ရိုးရှင်း လွန်းလှသည် ။ အချစ်အတွက် ရူးမိုက်စွာ ဘဝကို စတေးသွားသော ကောင်လေး တစ်ယောက် အကြောင်း။ အပေါ်ယံ ကြည့်လိုက်လျှင်တော့ ခပ်ရိုးရိုး အချစ်ဇာတ်လမ်း တစ်ပုဒ် ဖြစ်သော်လည်း အတွင်းပိုင်း အကြောင်းအရာတွေက လျှို့ဝှက်သည်းဖို ဆန်လှသလို နက်နဲသောဂမ္ဘီရ အကြောင်းအရာများ လည်း ပါ၏။ ရုတ်တရက် ...

- ဒါနဲ့ နေပါဦး။ ငါ ဟိုအကြောင်းတွေ ထည့်ရေးရင် လူတွေက လက်ခံပါ့မလား။

ဆောင်းဦးနှင်းပန်း တွေးရပြန်ပြီ။ သူမ ရေရွတ်လိုက်သော ဟိုအကြောင်းတွေ ဆိုသည် က အခြားမဟုတ်။ အွန်လိုင်းတွင် လျှို့ဝှက်စွာ ဖွဲ့စည်းထားသော မှော်ဆရာဂိုဏ်း အဖွဲ့ဝင်များ

အကြောင်းဖြစ်သည် ။ ထိုဂိုဏ်းအဖွဲ့ဝင်များက အွန်လိုင်းပေါ်တွင် လျှို့ဝှက်စွာ လှုပ်ရှား နေကြသည် ဆိုသော အချက်ကို သူမကိုယ်တိုင်လည်း သိပ်လက်မခံချင်။ အနက်ရောင် မှော်ပညာ ဆိုသည့် အရာက စာရေးဆရာများ စိတ်ကူးယဉ် ရေးဖွဲ့ ဖန်တီးထားသော ပညာရပ် တစ်ခုသာ ဖြစ်သည် ဟု ဆောင်းဦးနှင်းပန်း ကိုယ်တိုင်လည်း ယုံကြည် လက်ခံထားမိသည် ပဲ မဟုတ်ပါလား။

***